# ဝါတွင်းကာလ ဒုတိယတနင်္ဂနွေနေ့

ရှင်မာကူး ၉း၂ - ၁၀

ယနေ့ ဖတ်ရတဲ့ ကျမ်းစာတွေအားဖြင့် ကျနော်တို့ ကြားသိရတဲ့သတင်းကောင်းကတော့ "မိမိသားတော်ရင်းကိုပင် နှမြောတွန့်တိုခြင်း မရှိပဲ၊ ငါတို့အားလုံးအတွက် စွန့်တော်မူသောကိုယ်တော်သည် သားတော်နှင့်တကွ ခပ်သိမ်းသောအရာတို့ကို ငါတို့အား မပေးဘဲ နေတော်မူမည်လော" (ရောမ ၈း၃၂) ကိုယ်က မကောင်းလို့ ဘုရားသခင်က ငါ့ကို ကယ်တင်မှာ မဟုတ်တော့ပါဘူးလို့များ တခါတလေ မတွေးမိဘူးလား။ အဲဒီလို တွေးမိပြီး စိတ်အားငယ်နေရင် အခု ဖတ်သွားတဲ့ကျမ်းစာကို ပြန်စဉ်းစားပါ။ ဘုရားသခင်က သူ့ရဲ့ တစ်ပါးတည်းသောသားတော်ကို ငါ့အတွက် စွန့်တော်မူသေးတာပဲ။ ငါ့ကို ထာဝရအသက်ပေးဖို့ကျတော့ ဘုရားက တွန့်တိုနေပါအုံးမလား။ သင့်ကို ကောင်းကင်ဘုံရောက်ဖို့အရေး ဘုရားက သူ့သားတော်ကိုတောင် လက်ဝါးကားတိုင်ပေါ်မှာ အသေခံစေတာပါဘဲ။ ဒါတင်မကဘူး။ ဘုရားသခင်က သင့်ကို တရားစီရင်တဲ့အခါမှာလည်း သခင်ယေရှုက သင့်အတွက် ရှေ့နေလိုက်ပေးအုံးမယ်။ ရောမ ၈း၃၄ မှာ "မည်သူသည် အပြစ်စီရင်မည်နည်း။ အပြစ်စီရင်မည့်သူကား အသေခံတော်မူသည်သာမက သေခြင်းမှ ရှင်ပြန်ထမြောက်ပြီး ဘုရားသခင်၏လက်ယာတော်တွင် ထိုင်နေတော်မူသော ယေရှုခရစ်တော်ပင်ဖြစ်၏။ ထိုအရှင်သည် ငါတို့အတွက် အမှန်ပင် ကြားဝင်ဆုတောင်းပေးလေ၏"

ယနေ့ဖတ်ရတဲ့ ပထမကျမ်းစာ ကမ္ဘာဦးကျမ်း ၂၂ မှာ ဘုရားသခင်က အာဗြဟံကို ဘယ်လောက်တောင် ယုံကြည်သလဲ၊ ဘယ်လောက် ဘုရားကို နာခံနိုင်သလဲဆိုတာ သိရအောင်ထက် အာဗြဟံရဲ့ နာခံခြင်းကို ပိုပြီးတိုးတက်လာစေဖို့ စုံစမ်းတော်မူပါတယ်၊ အာဗြဟံရဲ့ တစ်ဦးတည်းသောသား အီဇာတ်ကို သတ်ပြီး မီးရှို့ပူဇော်ဖို့ တောင်းဆိုခဲ့ပါတယ်။ အာဗြဟံကလည်း သူ့ရဲ့ ရှားရှားပါးပါး ရလာတဲ့သားကို သိတ်ချစ်ပါတယ်။ သူများ ဘုရားသခင်ရဲ့စကားကို နားကြားများလွဲပြီး ကြားမိသလားလို့တောင် ထင်မိအုံးမှာပါ။ ဒါပေမဲ့ အာဗြဟံကတော့ ဘယ်လောက်ပဲ ခက်ခဲပါစေ၊ ဘုရားသခင်ကို နာခံဖို့ ဆုံးဖြတ်ခဲ့ပါတယ်။ ဘုရားသခင်အပေါ်မှာ ယုံကြည်ခြင်းကြီးတဲ့ အာဗြဟံက ဒီလိုတွေးမှာဘဲ၊ "အခုသား အီဇာတ်ကလည်း ဘုရားသခင်က ပေးလို့ ရခဲ့တဲ့သားပါဘဲ။ အခုသား အီဇာတ်ကို ပူဇော်ဖို့သတ်လိုက်ရင်လည်း ဘုရားက သူ့ကို ပြန်ရှင်စေနိုင်တာဘဲလေ" ဆိုပြီး အာဗြဟံက ယုံကြည်မိနေမှာပါပဲ။

ဘာပဲဖြစ်ဖြစ် အာဗြဟံက သူ့သားကို သတ်ဖို့ ဒါးကို ကိုင်တဲ့အခါ ဘုရားက အာဗြဟံကို ခေါ်ပြီး သူ့သား အီဇာတ်ကို မသတ်ပဲ ခြံထဲမှာ ဂျိုညိနေတဲ့သိုးကို ယူသတ်စေပါတယ်။ ဒီအခါ သားအီဇာတ်က သေဘေးကနေ လွတ်မြောက်သွားပါတယ်။ ဘုရားသခင်က အာဗြဟံကို သူ့သားအီဇာတ် မသေစေဘဲ သိုးကို သေစေသလို ဘုရားသခင်က သူ့ရဲ့ တစ်ပါးတည်းသောသား ယေရှုခရစ်တော်ကို ကျနော်တို့အတွက် လက်ဝါးကားတိုင်မှာ အသေခံစေပါတယ်။ အဲဒီအခါ အီဇာတ်က သေဘေးကနေ လွတ်မြောက်သွားသလို ကျနော်တို့လည်း ထာဝရသေခြင်းမှ လွတ်မြောက်သွားစေပါတယ်။

ယေရှုဘုရားရှင်ရဲ့အသေခံခြင်းက လူတွေအားလုံး ကယ်တင်ခြင်းရဖို့ အရေးကြီးပါတယ်။

ယေရှုဘုရားရှင်ရဲ့သေခြင်းရှိမှသာ သေရာမှပြန်ရှင်ခြင်းဆိုတာလည်း ဖြစ်နိုင်မှာမို့ပါ။ သေရာမှပြန်ရှင်နိုင်မှ ယေရှုဘုရားရှင်ကို ဘုရားစစ်ဘုရားမှန်ဖြစ်ကြောင်း လူတွေ သိရှိနိုင်မှာ ဖြစ်ပါတယ်။ ဒါကြောင့် ယေရှုဘုရားရှင်က တောင်ပေါ်မှာ သူ့ရဲ့ဘုရားအဖြစ်တော်ကို လက်ရွေးစင်တပည့်တော်ကြီး သုံးပါးကို ပြသပြီးတဲ့အခါ “ကိုယ်တော်က လူသားသည် သေခြင်းမှရှင်ပြန်ထမြောက်ပြီးသည်အထိ ယခုသူတို့မြင်ခဲ့သောအရာများကို မည်သူ့ကိုမျှ မပြောကြားရန် သူတို့အား တားမြစ်တော်မူ၏။’’ တပည့်တော်ကြီးတွေတောင် သေခြင်းမှရှင်ပြန်ထမြောက်တော်မူခြင်းဆိုတာကိုတောင် နားမလည်ကြသေးတဲ့အချိန်ဖြစ်ပါတယ်။ အဲ့လို နားမလည်ကြသေးလို့ ဘယ်သူ့ကိုမျှ မပြောနဲ့အုံးလို့ တားမြစ်ရခြင်းဖြစ်ပါတယ်။

သေရာမှပြန်ရှင်တဲ့အခါကျမှ “သြော် . . . . ဘုရားဆိုတာ အသက်ပေးနိုင်တဲ့ပုဂ္ဂိုလ်ပါလား” ဆိုတာ သူတို့နားလည်ကြမှာဖြစ်ပါတယ်။ အဲဒီလို တန်ခိုးရှိတဲ့ ဘုရားစစ်ဘုရားမှန်က လူတွေကိုလည်း သူ့လို သေရာမှပြန်ရှင်မပေးနိုင်ဘဲရှိပါ့မလား။ လက်ဝါးကားတိုင်ပေါ်မှာ သင့်ကို အသက်ပေးပြီး ချစ်တဲ့ဘုရားက သင့်ကို ထာဝရအသက် မပေးဘဲရှိပါ့မလား။ သူ့အသက်တော့ပေးပြီးတော့ ထာဝရအသက်ကျတော့ မပေးဘဲနေပါ့မလား။

ယခုလို ခက်ခဲကြပ်တည်းနေတဲ့အချိန်ကာလမှာ ကျနော်တို့ရဲ့ပန်းတိုင် ကျနော်တို့ရဲ့ မျှော်လင့်ချက်ကြီးကတော့ ထာဝရကောင်းကင်ဘုံပဲဖြစ်ပါတယ်။ ရှင်ပေါလူးရဲ့ဘဝမှာ အခက်အခဲ ဒုက္ခပေါင်းစုံကြုံတွေ့ခဲ့ရတာတောင်မှ စိတ်မပျက်ပဲ မျှော်လင့်နိုင်စေတာက ယေရှုဘုရားရဲ့ချစ်ခြင်းပဲ ဖြစ်ပါတယ်။ အားလုံးတတ်နိုင်တဲ့ဘုရားက သူ့ကို ချစ်နေတယ်ဆိုတာ သိတ်သေချာတဲ့အတွက် သူအသေခံနိုင်တဲ့အထိ မျှော်လင့်ချက် ကြီးစေပါတယ်။

ယေရှုဘုရားရှင် သေရာကနေပြန်ရှင်တာကို တွေ့မြင်ခဲ့ရတဲ့ရှင်ပေတရုနဲ့ တပည့်တော်ကြီးတွေက ဘယ်လိုညှင်းပမ်းနှောက်ယှက်ခြင်းတွေပဲကြုံကြုံ ကြံ့ကြံ့ခံနိုင်ကြတယ်။ စိတ်မပျက်ခဲ့ကြဘူး။ ဒါမာစကူးမြို့အဝင် ရှင်ပြန်ထမြောက်တဲ့ယေရှုဘုရားရှင်ကို ဖူးတွေ့ခဲ့ရတဲ့ရှင်ပေါလူး ထောင်ကျကျ နောက်ဆုံး ခေါင်းဖြတ်အသတ်ခံခဲ့ရတဲ့အထိ ယုံကြည် မျှော်လင့်နိုင်တယ်။

ဘာသာသူတို့ ဘုရားသခင် တကယ်ရှိတော်မူပါတယ်။ ကျမ်းစာဖတ်ပြီး စဉ်းစားဆင်ခြင် ဆုတောင်းပါ။ သေရာမှပြန်ရှင်တဲ့ ယေရှုဘုရားက သင့်အနားမှာ ရှိနေပါတယ်။ ဘုရားရဲ့အချစ်ကို သံသယ မဝင်ပါနဲ့။ အသေခံပြီး သင့်ကို ချစ်တဲ့ဘုရားရှင်က စကားတွေအများကြီးပြောပြီး သင့်ကို အားပေးချင်နေပါတယ်။ ဘုရားကို အချိန်ပေးပါ။ အာပြဟံကို သူ့သားအီဇာတ် အသေမခံစေချင်ပေမဲ့ ကိုယ့်ရဲ့တစ်ပါးတည်းသောသားတော် ယေရှုကျတော့ သင့်အတွက်အသေခံစေတာကို ပြန်အောင်းမေ့ပါ။ အခက်အခဲ ဒုက္ခအကြားမှာ ဘုရားထံဆုတောင်းခြင်းဖြင့် ဘုရားပေးတဲ့ခွန်အားကို ရယူပြီး ဘဝကို ရှင်သန်ကြပါစို့။

နားဆင်သူအားလုံးအပေါ် ဘုရားသခင့် ကောင်းကြီးမင်္ဂလာများ ခံစားကြရပါစေ။